Can Muslims Celebrate Christmas

ခရစ္စမတ်ပွဲကို မွတ်ဒိလင်မ်ေတွ

ဆင်နွှဲလို့ရသလား

@6U5WID219

Can Muslims celebrate Christmas?

꠸ꠇꠟꠔꠞꠇꠞꠇꠛ ꠇꠛꠟꠗꠇꠟꠔꠞꠟ ꠇꠞꠇꠟꠔꠞꠟ꠸ꠇꠞꠇꠛ꠸

@6U5WID2I9

بسم الله الرحمن الرحيم

ခရစ္စမတ်

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၊ ဘာသာတိုင်း၊ နိုင်ငံတိုင်း၊ ခေတ်ကာလ တိုင်းတွင် ပွဲလမ်းသဘင်များ၊ ပျော်ရွှင်ပွဲများသည် အမျိုးမျိုးရှိခဲ့ကြသည်။ ရှိနေကြသည်။ နောက်လည်း ရှိနေဦးမည်ဖြစ်သည်။ ထိုပွဲများအနက်မှ အချို့သည် ဘာသာရေးယုံကြည်ချက်များနှင့် သက်ဆိုင်ပြီး၊ အချို့မှာ ဘာသာရေးနှင့် ဆက်နွယ်ခြင်းမရှိပေ။

ဒီဇင်ဘာ ၂၅ တွင် ကျင်းပနေကြသည့် ခရစ္စမတ်ပွဲသည် ဘာသာရေးပွဲတော်တစ်ခုဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မရှိချေ။

မဇ္ဈိမဗောဓိလေးပါးလုံးရှိ ပညာရှင်များ၏ အကွဲအလွဲမရှိ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်အရ မွတ်စ်လင်မ်မဟုတ်သူတို့ကျင်းပနေကြသည့် ဘာသာရေးပွဲများတွင် မွတ်စ်လင်မ်များ (လုံး၀)ပါဝင်ဆင်နွှဲခွင့်မရှိပါ။

များစွာသော မွတ်စ်လင်မ်တို့က ခရစ္စမတ်သည် တမန်တော်အီစာ عليه السلام ၏ မွေးနေ့ကို ဂုဏ်ပြုသည့်ပွဲဖြစ်သောကြောင့် ပါဝင်ဆင်နွှဲလျှင်လည်းအပြစ်မရှိဟု ထင်မှတ်နေကြသည်။

စင်စစ်မှာ နှစ်စဉ် ဒီဇင်ဘာ ၂၅ တွင် ကမ္ဘာအဝှမ်း၌ကျင်းပ ဆင်နွှဲနေကြသည့် ခရစ္စမတ်ပွဲသည် တမန်တော် အီစာ عليه السلام နှင့်မည်သို့မျှ ပတ်သက်ဆက်နွယ်နေခြင်းမရှိကြောင်းကို မွတ်စ်လင်မ်တို့ သိရှိကြရန်

လိုအပ်လာခဲ့ပါသည်။ ထို့ကြောင့် ခရစ္စမတ်ပွဲ၏ ဇစ်မြစ်နှင့် ဖြစ်ပေါ်လာပုံတို့ကို လေ့လာရှာဖွေပြီး တင်ပြလိုက်ရပါသည်။

အမည်တွင်ခြင်း

Christmas ဟူသည် Jesus Christ (အီစာ عليه السلام) ၏ဖွားမြင်မှု အမှတ်တရအဖြစ် နှစ်စဉ်နှစ်တိုင်းကျင်းပသည့် ပွဲတစ်ခုဖြစ်သည်။ Christmas သည် Christ (ကျီးဆပ်စ်)နှင့် Mass (ဝတ်ပြုဆုတောင်းခြင်း) ပေါင်းစပ်ထားသော ဝေါဟာရတစ်ခု ဖြစ်သည်။ အလယ်ခေတ် အင်္ဂလိပ်စာပေများတွင်မူ Cristemasse ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ယခုခေတ်တွင်မူ လက်ဝါးကပ်တိုင်နှင့် တူဆင်သော X ဖြင့် Christ ဟူသည့် စကားလုံးကိုအစားထိုးပြီး Xmas ဟုလည်း ခေါ်ဝေါ်ကြသည်။

(Martindale,Cyril Charles."Christmas".The Catholic Encyclopedia. Vol.3. New York: Robert Appeleton Company,1908)

Jesus ကိုဘယ်အချိန်က မွေးဖွားခဲ့သလဲ

Jesus ကို ဒီဇင်ဘာ ၂၅ရက်၊ ခရစ်သက္ကရာဇ် ၁ ခုနှစ်တွင် မွေးဖွားခဲ့သည်ဟု လူအများက သိထားကြသည်။

ဓမ္မသစ်ကျမ်းတွင်မူကား Jesus ၏မွေးနေ့နှင့်ပတ်သက်၍ ရက်စွဲ၊ ခုနှစ် အတိအကျဖော်ပြထားခြင်းမရှိပေ။ အေဒီ ၆၅ ခုနှစ်တွင် ရှင်မာကုရေးသားပြုစုခဲ့သည့် အဦးဆုံးခရစ်ဝင်ကျမ်းသည် ပင်လျှင်

Jesus ၏လူလားမြောက်ပြီးသည့်အရွယ် နှစ်ခြင်းမင်္ဂလာခံယူခြင်းအကြောင်းဖြင့် အစပြုထားသည်။

“ထိုအခါ ယေရှုသည် ဂါလိလဲပြည်နာဇရက်မြို့မှ ကြွလာ၍ ယော ဟန်လက်ဖြင့် ယော်ဒန်မြစ်၌ ဗတ္တိဇံကို ခံတော်မူ၏။”
(ရှင်မာကုခရစ်ဝင်ကျမ်း၊ ၁း ၉)

ရှေးယခင်ကာလရှိ ခရစ်ယာန် ဘာသာဝင်တို့သည် Jesus ၏မွေးနေ့နှင့်ပတ်သက်၍ စိတ်ပါဝင်စားမှု(သို့) ဗဟုသုတနည်းပါးကြသောကြောင့် ဖြစ်နိုင်ပေသည်။

“သို့ဆိုလျှင် ခရစ်သက္ကရာဇ်သည် မည်သို့ဖြစ်ပေါ်လာသနည်း”ဟု မေးစရာရှိလာပါသည်။ စင်စစ်မှာ ခရစ်သက္ကရာဇ်ကို စတင်သတ်မှတ်ခဲ့သူသည် Dionysius Exiguus ဟူသည့် ရိုမန်ကျောင်းထိုင် ဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ ၎င်း၏တွက်ချက်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ခရစ်တော်မပွင့်မီက ရောမတွင် အသုံးပြုခဲ့ကြသောသက္ကရာဇ်မှာ *ab urbe condita* (ရောမနိုင်ငံစတင်တည်ထောင်ခဲ့သည့်နှစ်မှ အစပြုသည့်ပြက္ခဒိန်) ဖြစ်သည်။ ထို့ကြောင့် 1 AUC သည် ရောမနိုင်ငံ စတင်တည်ထောင်ခဲ့သည့်နှစ်ကို ကိုယ်စားပြုပြီး 5 AUC သည် ရောမအုပ်ချုပ်ရေးစနစ်ကို စတင်ပြဋ္ဌာန်းသည့်နှစ်ကို ရည်ညွှန်းသည်။

၂။ ရောမဧကရာဇ် Augustus သည် ၄၃ နှစ်ကြာ ထီးနန်းစိုးစံခဲ့ပြီး ၎င်း၏နောက်တွင် Tiberius က ဆက်လက်အုပ်ချုပ်ခဲ့ကြောင်း ဘုန်းတော်ကြီး Dionysius သည်လေ့လာတွေ့ရှိခဲ့သည်။

၃။ ရှင်လုကာခရစ်ဝင်ကျမ်း ၃း၁၂၃ တွင် Jesus ၏ သက်တော် ၃၀ ရောက်သောအခါ Tiberius ၏ နန်းသက် ၁၅ နှစ်ရှိပြီဖြစ်သည် ဟု အောက်ပါအတိုင်းဖော်ပြထားသည်။

“ကဲသာဘုရင် တိဗေရိ နန်းစံတဆယ် ငါးနှစ်တွင်၊” (၃း ၁)

“ထိုအခါ ယေရှုသည် အနှစ်သုံးဆယ်ခန့်မျှ ရှိတော်မူ၏။” (၃း ၂၃)

၄။ Tiberius ဧကရာဇ်၏ နန်းသက် ၁၅ နှစ်တွင် သက်တော် ၃၀ ရှိသော Jesus သည် Augustus နတ်ရွာမစံမီ ၁၅ နှစ် အလို တွင်မွေးဖွားခဲ့ကြောင်း တွက်ချက်နိုင်သည်။ Augustus သည် ၄၃ နှစ် ကြာအုပ်ချုပ်ခဲ့သည်ဖြစ်ရာ Jesus သည် Augustus ၏ နန်းသက် ၂၈ နှစ်တွင် မွေးဖွားခဲ့သည်ဟု ဆိုနိုင်သည်။

၅။ Augustus သည် 727 AUC တွင်နန်းတက်သည်ဖြစ်ရာ Jesus မမွေးဖွားမီအချိန်အထိဖြစ်သော ၄၄း၏နန်းသက် ၂၈နှစ်ကို ပေါင်းလိုက်လျှင် 754 AUC ဖြစ်မည်။

၆။ ထို့ကြောင့်ဘုန်းတော်ကြီး Dionysius သည် Jesus မွေးဖွားသည့်နှစ်ကို 754 AUC ဟုယူဆခဲ့ပြီး AD 1 ခုနှစ်အဖြစ် သတ်မှတ်ခဲ့သည်။

၇။ မည်သို့ပင်ဆိုစေကာမူ ရှင်လုကာကျမ်း ၁း၅ တွင် Jesus သည် Herod ဘုရင်၏ လက်ထက်တွင် မွေးဖွားခဲ့သည်ဟု ဆိုထားပေရာ Herod သည် 750 AUD တွင်ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် ဘုန်းတော်ကြီး Dionysius တွက်ချက်ခဲ့သော Jesus မွေးနှစ်ထက် ၄ နှစ်စောနေပေသည်။

Joseph A.Fitzmyer သည် အမေရိကန်နိုင်ငံရှိ ကသ်သလစ် တက္ကသိုလ်၊ သမ္မာကျမ်းသုတေသနဌာန၏ အငြိမ်းစားပါမောက္ခကြီး တစ်ဦးဖြစ်ပြီး သမ္မာကျမ်းကော်မရှင်အဖွဲ၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ ထို့အတူ Catholic Biblical Association ၏ ကနဦး ဥက္ကဋ္ဌကြီးလည်းဖြစ်သည်။ ၄င်းက Catholic Church ၏ တရားဝင် ထုတ်ပြန်ထားသော ဓမ္မသစ်ကျမ်း၏ အောက်ခြေမှတ်စုတွင် Jesus ၏ မွေးနေ့နှင့်ပတ်သက်ပြီး ရေးသားတင်ပြထားသည်မှာ. . .

> “ Jesus မွေးဖွားခဲ့သောခုနှစ်ကို အတိအကျ မသိနိုင်သော်ငြားလည်း အေဒီ ၁ ခုနှစ်တွင် မွေးဖွားခဲ့ခြင်းမဟုတ်သည်ကိုတော့ တပ်အပ် ပြောဆိုနိုင်ပေသည်။ ခရစ် သက္ကရာဇ်ကို Jesus မွေးဖွားခဲ့သည့်နှစ်မှ စတင်သတ်မှတ်သည် ဟူသောယုံကြည်ချက်သည် AD 533 ခုနှစ်မှ စတင်မိတ်ဆက်ခဲ့သော Dionysius Exiguus ၏ မှားယွင်းသည့် တွက်ချက်မှုအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။”

(Addison G. Wright, Roland E. Murphy, Joseph A. Fitzmyer, “A History of Israel” in The Jerome Biblical Commentary, (Prentice Hall: Englewood Cliffs, NJ, 1990), p. 1247.)

မြောက်အာဖရိကၭ အေဒီ ၂၄၃ ခန့်က ရေးသားထားသည်ဟု ယုံကြည်ရသော DePascha Computus အမည်ရှိ စာတမ်းတစ်ခုတွင် Jesus ၏မွေးနေ့ကို မတ်လ ၂၈ ရက်နေ့ဖြစ်သည်ဟု ဖော်ပြထားသည်။ Alexendria ဘုန်းတော်ကြီး Clement(d.ca.215

AD) က Jesus သည် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် မွေးဖွားခဲ့သည်ဟု သမိုင်းမှတ်တမ်းများကို အခြေခံပြီး ဆိုထားပြန်သည်။ ပါမောက္ခ Fitzmyer ကမူ Jesus သည် စက်တင်ဘာလ ၁၁ ရက် ၃ ဘီစီတွင် မွေးဖွားခဲ့သည်ဟု ခန့်မှန်းသည်။

Jesus မွေးဖွားခဲ့သော ခုနှစ်ကိုပင် မည်သူကမျှ အတိအကျမသိဆိုလျှင် လနှင့် ရက်စွဲအတိအကျကို သိရန်ကား ပို၍ပင်ဝေးကွာလှပေတော့သည်။

ခရစ္စမတ်ကို ဒီဇင်ဘာ ၂၅ ရက်တွင်
အဘယ်ကြောင့်ကျင်းပကြသနည်း။

ရောမဒိဋ္ဌိ၊ မိစ္ဆာဝါဒီတို့သည် ဒီဇင်ဘာ ၁၇ ရက်မှ ၂၅ ရက်နေ့အထိ ကျင်းပကြသော Saturnalia ပွဲတော်ကို စတင်မိတ်ဆက်ခဲ့သူများဖြစ်သည်။ ထိုအားလပ်ရက်များတွင် ရောမရှိ တရားရုံးများအားလုံး ပိတ်ရပြီး ဥပဒေများလည်း မသက်ရောက်သော ရက်သတ္တပတ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ထိုပွဲတော်ရက်များအတွင်း စည်းစိမ်ဖျက်ဆီးနစ်နာစေခြင်း၊ လူအများကို ထိခိုက်ဒဏ်ရာဖြစ်စေခြင်းများ ကျူးလွန်လျှင်ပင် အရေးယူခွင့်မရှိပေ။ ထိုပွဲကို ရောမအာဏာပိုင်များက ရောမတို့၏ ရန်သူတစ်ဦးဦးအား ‘Lord of Misrule’(မတရားမှု၏နတ်ဘုရား) အဖြစ် သရုပ်ဆောင်ရန်ရွေးချယ်ခြင်းဖြင့် အစပြုကြသည်။ ရောမရှိ အဖွဲ့အစည်းတိုင်းသည် ယဇ်ကောင်အဖြစ် လူတစ်ယောက်ကို ရွေးချယ်ကာ အစားအစာနှင့် အခြားရုပ်ပိုင်းဆိုင်ရာ ပြုစုမှုများဖြင့်

တစ်ပတ်တာလုံး စည်းစိမ်ခံစားစေသည်။ ပွဲတော်၏နောက်ဆုံးရက် ဒီဇင်ဘာ ၂၅ သို့ရောက်သော် ထိုအပြစ်မဲ့သော၊ အမျိုးသား(သို့မဟုတ်) အမျိုးသမီးအားသတ်ဖြတ်ပူဇော်ခြင်းဖြင့် အမှောင်ထုများ၊ ရောဂါဘေး ဘယာများကို ဖယ်ရှားရာရောက်သည်ဟု ယုံကြည်ထားကြသည်။

ရှေးဂရိစာဆို၊ သမိုင်းပညာရှင်ကြီး Lucian က Saturnalia ဟု အမည်ပေးထားသောစကားဝိုင်းတွင် မိမိခေတ်က ကြုံဆုံခဲ့ရသည်များကိုပုံဖော်ပြထားသည်။ လူသားယဇ်ပူဇော်ပွဲအပြင် ၄င်းတင်ပြခဲ့သော အချို့ဓလေ့များမှာ အားလုံးသောက်စားမူးယစ်ကြခြင်း၊ ဝတ်လစ်စလစ်ဖြင့် သီချင်းဆိုကာ အိမ်များကိုလှည့်လည်ခြင်း၊ မုဒိမ်းပြုကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာခွင့်ပြုချက်များ၊ လူပုံသဏ္ဌာန်ဖြင့် ဘီစကစ်များ ပြုလုပ်ကာနှစ်ခြိုက်စွာစားသုံးကြခြင်းတို့ဖြစ်သည်။(ယနေ့တိုင်ခရစ္စမတ်ကာလရောက်လျှင် အချို့အင်္ဂလိပ်နှင့် ဂျာမန်မုန့်တိုက်များသည် ထိုကဲ့သို့ လူပုံသဏ္ဌာန် ဘီစကစ်များ ထုတ်လုပ်လျက်ရှိသည်။)









Saturnalia အကြောင်းဖော်ကျူးထားသည့် သမိုင်းဝင်ပန်းချီများနှင့် စာအုပ်အချို့

ခရစ်သကၠရာဇ် ၄ ရာစုတွင် ခရစ်ယာန်ဘာသာသည် ဒီဌိမိစ္ဆာဝါဒီလူထုကြီးအား ခရစ်ယာန်ဘာသာထဲသို့ဝင်ရောက်လာရန် မျှော်လင့်ကာ Saturnalia ပွဲတော်ကို ခရစ်ယာန်ဘာသာရေးပွဲတော်တစ်ခုအဖြစ် အသိအမှတ်ပြု သွတ်သွင်းခဲ့သည်။ ခရစ်ယာန်ခေါင်းဆောင်များသည် များပြားလှသော ဒီဌိမိစ္ဆာဝါဒီလူထုကြီးကို ၄င်းတို့၏ ရိုးရာပွဲဖြစ်သော Saturnalia အား ခရစ်ယာန်ဘာသာဝင်များအဖြစ် ဆက်လက်ကျင်းပနိုင်ကြောင်း ကတိပေးခဲ့ကြသည်။

(The first mention of a Nativity feast appears in the Philocalian calendar, a Roman document from 354 CE, which lists December 25th as the day of Jesus' birth.)

ပြဿနာမှာ Saturnalia သည် ခရစ်ယာန်ဘာသာနှင့် မည်သို့မျှ ဆက်နွယ်မှုမရှိခြင်းဖြစ်သည်။ ထိုကိစ္စကိုဖြေရှင်းရန်အတွက် ခရစ်ယာန်ခေါင်းဆောင်တို့သည် Saturnalia ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် ဒီဇင်ဘာ ၂၅ရက်နေ့ကို Jesus ၏ မွေးနေ့အဖြစ် သတ်မှတ်ပေးခဲ့ကြလေသည်။

ခရစ်ယာန်တို့သည် အနည်းငယ်အောင်မြင်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ Saturnalia ၏ ဓလေ့များကို သန့်စင်ခဲ့ကြသည်။ မက်ဆာချူးဆက်ရှိ အမ်းဟားစ်တက္ကသိုလ်၏ သမိုင်းပါမောက္ခ Stephen Nissenbaum ရေးသားထားသည်မှာ"Savior(Jesus)မွေးနေ့နှစ်ပတ်လည်၏ ကြီးမားသည့် အသိအမှတ်ပြုမှုကို ပို၍ခိုင်မာစေရန် Church ဝတ်ကျောင်းတော်များသည် ထိုအားလပ်ရက်ကို နည်းများ

မဆို ကျင်းပရန် နှုတ်ဆိတ်ကာခွင့်ပြုခဲ့ရာ အမြဲတမ်းကျင်းပသည့်အစဉ် အလာဖြစ်သွားခဲ့တော့၏။”

ကနဦးပိုင်းကာလတွင် ကျင်းပခဲ့ကြသည့် ခရစ္စမတ်အားလပ်ရက် ပွဲတော်များသည် အရက်သေစာသောက်စားခြင်း၊ လိင်ပိုင်းဆိုင်ရာစည်း စိမ်ခံစားခြင်း၊ ဝတ်လစ်စားလစ်ဖြင့် လမ်းပေါ်တွင်တေးသီချင်းများ သီဆိုခြင်း(ယနေ့ခေတ် carol သီချင်းများ၏ရှေ့ပြေးဓလေ့) စသည် များ ပြုလုပ်ခဲ့ကြသည်။

၁၆၈၇ ခုနှစ်တွင် Boston မြို့၏ခေါင်းဆောင်ကြီးတစ်ဦးဖြစ် သော Increase Mather က ကြေညာခဲ့သည်မှာ. . .

“ဒီဇင်ဘာ ၂၅ တွင် ခရစ်တော်ဖွားမြင်ခဲ့သည်ဟု သတ်မှတ် ခဲ့ကြသော ခရစ်ယာန်ဘာသာ ဝင်တို့သည် Jesus မှာ ထို လတွင် မွေးဖွားခဲ့ခြင်းမဟုတ်ကြောင်းကို ကောင်းစွာသိခဲ့ကြ ပေသည်။ သို့သော်လည်း ထိုခေတ်က ရောမတွင် ကျင်းပ နေခဲ့သော ဒိဋ္ဌမိစ္ဆာဝါဒီတို့ ၏ Saturnalia ပွဲကို ခရစ် ယာန် တို့၏ ပွဲတော်တစ်ခုအဖြစ်သို့ ပြောင်းလဲလာခြင်းအား နှစ်လိုခဲ့ကြသောကြောင့် လက်ခံခဲ့ခြင်းသာဖြစ်သည်။”

(Increase Mather, A Testimony against Several Prophane and Superstitious Customs, Now Practiced by Some in New England (London, 1687), p. 35. See also Stephen Nissenbaum, The Battle for Christmas: A Cultural History of America’s Most Cherished Holiday, New York: Vintage Books, 1997, p. 4.)

ထိုပွဲသည် ဒိဋ္ဌိမိစ္ဆာတို့ထံမှ မြစ်ဖြားခံသည့် ပွဲဖြစ်သောကြောင့် ပင် Puritans တို့နှင့် ၎င်းတို့ကို လက်ခံသူများသည် ခရစ္စမတ်ပွဲကို တရားမဝင်ပွဲတော်တစ်ခုအဖြစ် မက်ဆာချူးဆက်တွင် ၁၆၅၉ ခုနှစ်မှ ၁၆၈၁ ခုနှစ်အထိ ပိတ်ပင်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ခရစ္စမတ်ပွဲကို ခရစ်ယာန်အများစုသည် ဆက်လက်ကျင်းပနေဆဲပင်ဖြစ်ပေတော့သည်။ (Nissenbaum, p. 3)

Saturnalia ၏အချို့သော အကျင့်ဖောက်ပြန်သည့် ဓလေ့ဆိုးများသည် ၁၄၆၆ ခုနှစ် ပုပ်ရဟန်းမင်း Paul II ၏ လက်ထက်တွင် တဖန်ပြန်လည်ရှင်သန်ကာ နိုင်ငံတကာသို့ပြန့်ပွားလာခဲ့သည်။ သူ၏ ရောမပြည်သူများကို ဖျော်ဖြေရန်အတွက် ကျူးလူမျိုးများကို ဝတ်လစ်စားလစ်ပြုလုပ်ကာ မြို့ပေါ်ရှိလမ်းများတွင်ပြေးလွှားစေသည်။ မျက်မြင်ကိုယ်တွေ့တစ်ဦးက မှတ်တမ်းတင်ထားသည်မှာ 'ကျူးလူမျိုးများကိုလမ်းပေါ်တွင် မပြေးခိုင်းမီ၎င်းတို့အား ဝဖြိုးနေစေရန် အစားအစာများ အဓမ္မကျွေးကြသည်။ သို့မှသာ ထိုအပြေးပြိုင်ပွဲသည် ပိုမိုခက်ခဲ မည်ဖြစ်ပြီး ပွဲကြည့်သူပရိတ်သတ်အဖို့လည်း ပို၍ပျော်ရွှင်စရာကောင်းပေမည်။ ၎င်းတို့သည် ရောမတို့၏ လက်ခေါက်မှုတ်သံများ၊ မကျေမနပ်ဆဲဆိုသံများ၊ ခေါင်းလောင်းထိုးသံများအလယ်တွင် ပြေးကြရသည်။ ထိုစဉ်တွင် ဖာသာကြီးသည် ခမ်းနားစွာဆင်ယင်ထားသော ပွဲကြည့်စင်မြင့်ထက်တွင်ထိုင်ပြီး ကျေနပ်စွာ ရှုစားအားပေးလေသည်။'

(David I. Kertzer, The Popes Against the Jews: The Vatican's Role in the Rise of Modern Anti-Semitism, New York: Alfred A. Knopf, 2001, p. 74)

အေဒီ ၁၈ ရာစုနှင့် ၁၉ ရာစုနှစ်များတွင် အစဉ်အဆက်ကျင်းပခဲ့သော Saturnalia ပွဲများတွင် တစ်စိပ်တစ်ပိုင်းအနေနှင့်ပါဝင်ခဲ့သော အစီအစဉ်တစ်ခုမှာ ဂျူးရပ်ကွက်များရှိ ဂျူးဘုန်းတော်ကြီးများကို လူပြက်အဝတ်အစားအဆောင်အယောင်များ အဓမ္မဝတ်ဆင်စေပြီး လမ်းမကြီးအတိုင်းချီတက်စေကာ သရော်ပြက်ချော်ရယ်မောကြသည်။ လက်နက်အမျိုးမျိုးဖြင့် ပစ်ခတ်ကာ ကျီစယ်ကြသည်။ သို့ဖြင့် ရောမရှိ ဂျူးအဖွဲ့အစည်းသည် ၁၈၃၆ ခုနှစ်တွင် ပုပ်ရဟန်းမင်း Gregory XVI ထံသို့ Saturnalia နှစ်ပတ်လည်ပွဲတွင် ဂျူးလူမျိုးများအား ဖိနှိပ်မှုများကို ရပ်တန့်ပေးရန် အသနားခံတောင်းပန်ခဲ့ကြရာ ၎င်းက “အခု အချိန် ကာလဟာ (အရင်ရှိပြီးသား ဓလေ့တစ်ခုကို) အပြောင်းအလဲလုပ်ဖို့ အချိန်ကောင်းမဟုတ်ဘူး”ဟု တုံ့ပြန်ခဲ့သည်။(Kertzer, p. 33, 74-5)

၁၈၈၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၅ ရက်နေ့တွင် ခရစ်ယာန် ခေါင်းဆောင်များသည် နိုင်ငံအဝှမ်းတွင် အပျော်ကျူးသော ဂျူးမုန်းတီးရေးဝါဒီ ပိုလန်နိုင်ငံသားများကို ကြိမ်ဒဏ်ရိုက်ခဲ့ကြသည်။ ဝါဆောမြို့တွင် ဂျူးလူမျိုး ၁၂ ဦးအသတ် ခံခဲ့ရပြီး လူအများအပြား ကျိုးပဲ့ဒဏ်ရာရခဲ့ကြသည်။ ထို့ပြင် ဂျူးအမျိုး သမီးအများအပြား မုဒိမ်းကျင့်ခံခဲ့ရပြီး ရှုဘယ်ငွေကြေး နှစ်သန်းဖိုး တန်ဖိုးရှိ ဥစ္စာဓနများ ဖျက်ဆီးခံခဲ့ရသည်။

Pope Gregory XVI (1765-1846)

Pope Paul II(1417-1471)

ခရစ္ဆမတ်ဓလေ့ထုံးစံများ၏ ဇစ်မြစ်

(၁) ခရစ္စမတ်သစ်ပင်

ရှေးယခင် ခရစ်ယာန်တို့သည် ရောမ ဒိဋ္ဌမိစ္ဆာဝါဒီတို့ဖြင့် အင်အား ဖြည့်တင်းရာတွင် Saturnalia ကို ခရစ္စမတ်နှင့်ပေါင်းစပ်လိုက်သကဲ့သို့ ပင် Asheira (နတ်ဘုရားမ) ကို ကိုးကွယ်ယုံကြည်ကြသောအလွန်များ ပြားလှသည့်သူများကို Church က ခရစ္စမတ်သစ်ပင်အား ခွင့်ပြုခဲ့ကြ သည်။

(Clement Miles, Christmas Customs and Traditions: Their History and Significance, New York: Dover Publications, 1976, pp. 178, 263-271)

ဒိဋ္ဌမိစ္ဆာဝါဒီများသည် ကာလကြာရှည်စွာ တောထဲရှိ သင်ပင်များ ကို ကိုးကွယ်ခဲ့ကြသည်။ ၄င်းတို့သည် တောထဲမှသစ်ပင်များကို အိမ်သို့ သယ်ဆောင်လာကာ အလှဆင်ကြသည်။ ၄င်းတို့သည် အပေါ်ယံ ကြော ခရစ်ယာန်ဟန်ဆောင်ထားသူများဖြစ်ကြပေသည်။

(၂) Mistletoe (ကျီးပေါင်းပင်)

စကင်ဒီနေဗီးယားဒေသ ဒဏ္ဍာရီတွင် Balder နတ်ဘုရားသည် Nanna အမည် ရှိအမျိုးသမီးအား ပိုင်ဆိုင်ရန် မိမိပြိုင်ဘက် Hoder ကို Mistletoe(ကျီးပေါင်းပင်)၏ သစ်သားဖြင့်ပြုလုပ်ထား သောမြားဖြင့် ပစ်သတ်ခဲ့သည်။ ရှေးဆဲလ်တစ် လူမျိုးတို့၏ဘုန်းကြီးများသည် ၄င်းတို့၏ နတ်ဘုရားများကို ယဇ်ပူဇော်မည့် လူသားယဇ်ကောင်များကို အဆိပ်ခတ်ရာတွင် Mistletoe သစ်သားအသုံးပြုခဲ့ကြသည်။ (Miles, p. 273.)

ခရစ်ယာန်ဓလေ့ထုံးစံတစ်ခုဖြစ်သော “ကျီးပေါင်းပင်အောက်ကအနမ်း” သည် Saturnalia ပွဲ၏ လိင်ပိုင်းဆိုင်ရာ ခွင့်ပြုချက်ဓလေ့နှင့် ဆဲလ်တစ် ဘုန်းတော်ကြီးများ၏ ယဇ်ပူဇော်သည့်ဓလေ့တို့ ပေါင်းစပ်ပြီး ပေါ်ပေါက်လာခြင်း ဖြစ်သည်။ (Miles, p. 274-5.)

(၃) ခရစ္စမတ်လက်ဆောင်များ

ခရစ်ယာန်သာသနာ မထွန်းကားမီ ကာလ၌ ရောမရှိ အာဏာပိုင် များသည် မိမိတို့ မုန်းတီး ရွံရှာသော နိုင်ငံသားများကို ဒီဇင်ဘာလရှိ Saturnalia ပွဲတော်ကာလနှင့် ဇန္နဝါရီလဆန်းတွင် လက်ဆောင်ပဏ္ဍာများ ဆက်သရန် အတင်းအကြပ် ဖိအားပေးခဲ့ကြသည်။ နောက်ပိုင်းတွင် ထိုလက်ဆောင်

ပေးသည့် ထုံးတမ်းစဉ်လာသည် ပြည်သူများအကြားတွင်လည်း ပျံ့နှံ့လာခဲ့သည်။ Catholic Church သည် ထိုဓလေ့ကို (အောက်တွင် ဖော်ပြမည့်) Saint Nicholas ထံမှ လာသည့် လက်ဆောင်ဖြစ်သည်ဟု ဆိုကာ ခရစ်ယာန်အနံ့အသက် ဆွတ်ဖြန်းပေးလိုက်လေသည်။
(Miles, pp. 276-279.)

(၄) Santa Claus (ခရစ္စမတ်ဘိုးဘိုး)

Nicholas သည် တူရကီနိုင်ငံရှိ ပါရာရာမြို့တွင် အေဒီ ၂၇၀ ၌ မွေးဖွား ခဲ့ပြီးနောက်ပိုင်းတွင် Myra မြို့၏ဘုန်းတော်ကြီး တစ်ပါး ဖြစ်လာခဲ့သည်။ ၎င်းသည် အေဒီ ၃၄၅ ဒီဇင်ဘာလ ၆ ရက် နေ့တွင် ကွယ်လွန်ခဲ့သည်။ ၁၉ ရာစုတွင် ၎င်းသည် Saint ဟူသော အမည်ဖြင့်သာ ကျော်ကြားခဲ့လေသည်။

အေဒီ ၃၂၅ခုနှစ်တွင် ကျင်းပခဲ့သည့် Nicaea ညီလာခံသို့တက်ရောက်ပြီး ဓမ္မသစ်ကျမ်းများကို ပြဋ္ဌာန်းခဲ့ကြသည့် သက်ကြီးဝါကြီးဘုန်းတော်ကြီးများတွင် Nicholas သည်လည်းအပါအဝင်ဖြစ်ခဲ့သည်။



Nicaea ညီလာခံသည်ရောမနိုင်ငံ၏ ဧကရာဇ်ကြီး Constantain က ခရစ်ယာန် သာသနာကိုသက်ဝင် ယုံကြည်လာပြီးနောက် ဂိုဏ်းပေါင်းများစွာကွဲပြားနေသည့် ခရစ်ယာန်သာသနာဝင် ဘုန်းတော်ကြီးများကိုစုရုံးကာ သာသနာကိုတစ်ဖန်ပြန်လည်ပြီး စုစည်းသည့်ညီလာခံဖြစ်သည်။

အေဒီ ၁၀၈၇ ခုနှစ်တွင် သင်္ဘောသားတစ်စုသည် Nicholas ၏ အရိုးများကိုတူရကီမှ အီတလီနိုင်ငံ Bari မြို့ရှိဝတ်ကျောင်းတော်တစ်ခုသို့ သယ်ယူပြောင်းရွှေ့ခဲ့ကြသည်။ သို့ဖြင့် Nicholas သည် ထိုဒေသရှိ Pasqua Epiphania (ဘွားဘွား)ဟု အမည်တွင်ပြီး ကလေးများ၏ ခြေအိတ်များအတွင်း လက်ဆောင်များဖြည့်ပေးသည်ဟု ယုံကြည်ကြသည့် အသနားခံခြင်း၏ နတ်ဘုရားမ နေရာကို သိမ်းပိုက်လိုက်တော့သည်။ ထိုနတ်ဘုရားမကို သူမ၏ဝတ်ကျောင်းတော်မှ ဖယ်ရှားလိုက်ကြပြီး ထိုနေရာသည် Nicholas ၏ ထုံးတမ်းစဉ်လာဆိုင်ရာ ဗဟိုဌာနချုပ် ဖြစ်လာခဲ့သည်။ Nicholas ကို သက်ဝင်ယုံကြည်သူများသည် နှစ်စဉ် ဒီဇင်ဘာ ၆ ရက်နေ့တွင် Nicholas ကွယ်လွန်သည့် နှစ်ပတ်လည်ပွဲတော်များ ကျင်းပကြပြီး အချင်းချင်း လက်ဆောင်များပေးကြသည်။

အီတလီနိုင်ငံ၊ ဘာရီမြို့ရှိ St.Nicholas ၏ အရိုးများကို မြုပ်နှံထားရာ ဝတ်ကျောင်းတော် ၏ အတွင်း၊ အပြင်နှင့် ဂူသချိုင်း။ ထိုဝတ်ကျောင်းကို Basilica di San Nicola ဟုခေါ်သည်။

Nicholas ကိုးကွယ်မှုသည် မြောက်ပိုင်းသို့ပျံ့နှံ့သွားပြီး ဂျာမနီနှင့် ဆဲလ်တစ်ဒိဋ္ဌအယူဝါဒများအတွင်း သွပ်သွင်းခံလိုက်ရတော့သည်။ ထိုဒေသရှိလူများသည် Thor,Balder နှင့် Tiw တို့၏ဖခင်ဖြစ်သော Woden ဟူသည့် နတ်ကို ကိုးကွယ်ကြသူများဖြစ်သည်။ Woden မှာ ရှည်လျားဖြူဖွေးသော မုတ်ဆိတ်ကြီးများရှိပြီး ဆောင်းဦးကာလရောက်တိုင်း ညဖက်တွင် ကောင်းကင်တစ်လျောက် မြင်းစီးကာ လှည့်လည်သွားလာတတ်သည်ဟု ယုံကြည်ကြသည်။ သို့ဖြင့် Nicholas သည် Woden နှင့်ရောယှက်သွားပြီး အရှေ့အလယ်ပိုင်းသွင်ပြင်များပျောက်၊ မုတ်ဆိတ်များပေါက်လာကာ ထူထဲသော ဆောင်းရာသီအနွေးထည်ကြီးဝတ်ဆင်ပြီး မြင်းပျံကြီးဖြင့် ဒီဇင်ဘာလ၏ ခရီးစဉ်အတွက် စိုင်းပြင်းရသည့်အဖြစ်သို့ ရောက်သွားလေတော့သည်။

ဥရောပမြောက်ပိုင်းရှိ ဒိဋ္ဌအယူအဆကိုစွဲလမ်းထောက်ခံသူအချို့အတွက် Catholic Church သည် Nicholas ကိုးကွယ်မှုဓလေ့ကို မွေးစားလိုက်ပြီး ဒီဇင်ဘာ ၆ ရက်နေ့၌ Nicholas ပြုလုပ်ခဲ့သည်ဟုယုံကြည်ထားကြသည့် လက်ဆောင်ပေးသည့်ဓလေ့ကို ဒီဇင်ဘာ ၂၅ သို့ ပြောင်းလဲလိုက်လေသည်။

၁၈၀၉ ခုနှစ်တွင် *The Legend of sleepy Hollow* နှင့် *Rip Van Winkle* ဟူသည့် နာမည်ကျော်ဝတ္ထုများကို ရေးသားခဲ့သည့် စာရေးဆရာ Washington Irving သည် ဒန်ျလူမျိုးများ၏ဓလေ့များနှင့်ပတ်သက်ပြီး *Knickerbocker History* ဟူသည့် သရော်စာတစ်စောင်ရေးခဲ့သည်။ ထိုသရော်စာတွင် မုတ်ဆိတ်ဖြူကြီး

ဖြင့် မြင်းပျံကြီးကို စီးနေသည့် Saint Nicholas ကို ဒချ်အမည်ဖြင့် Santa Claus ဟူ၍ အကြိမ်ကြိမ်သုံးစွဲဖော်ပြခဲ့သည်။

ယူနီယံသီပွဲကျောင်း၏ ပါမောက္ခတစ်ဦးဖြစ်သော Dr.Clement Moore သည် *Knickerbocker History* ကိုဖတ်ပြီး ၁၈၂၂ ခုနှစ်တွင် Santa Claus ဇတ်ကောင်အပေါ် အခြေခံထားသည့် ကဗျာတစ်ပုဒ်ကို ထုတ်ဝေခဲ့သည်။ Moore သည် ထိုကဗျာထဲတွင် Santa ကို ဒရယ်ရွှစ်ကောင်ကသည့်ရထားလုံးဖြင့် မီးခိုးခေါင်းတိုင်များမှ ဆင်းသက်လာသည့် သရုပ်ဖြင့် ဆန်းသစ်ခဲ့ပြန်သည်။

ကျာမနီနိုင်ငံ၊ ဘာဗေးရီးယာပြည်နယ်ရှိ ဒီဇိုင်းပညာရှင် Thomas Nast သည် Moore ၏ ကဗျာအပေါ်အခြေခံပြီး ၁၈၆၂ မှ ၁၈၆၆ ထိတစ်လျှောက်လုံး Santa Claus ၏ ရုပ်ပုံကို ဖန်တီးခဲ့သည်။ သူသည် Santa ၏ရုပ်ပုံပေါင်း ၂၂၀၀ ခန့်ရေးဆွဲခဲ့သည်။ Nast မတိုင်မီက Saint Nicholas ၏ရုပ်ပုံသည် ခန်ထန်သည့်မျက်နှာပေးနှင့် ဝတ်ရုံရှည်ဝတ်ဆင် ထားသော ဘုန်းတော်ကြီးပုံဖြစ်ခဲ့သည်။ Nast က Santa ကို မြောင်ဝင်ရိုးစွန်း၌ အိမ်တစ်လုံးဖန်တီးပေးပြီး နတ်သူငယ်များဖြင့်ပြည့်နှက်နေသည့် အလုပ်ရုံတစ်ခုတွင် ကမ္ဘာအဝှမ်းရှိကလေးများ၏ စာရင်းဖြင့် အလုပ်ရှုပ်နေသည့်ပုံစံ ဖန်တီးရေးဆွဲခဲ့သည်။

၁၉၃၁ ခုနှစ်တွင် Coca Cola Corporation သည် ဆွီဒင်နိုင်ငံသား စီးပွားရေးဒီဇိုင်နာ Haddon Sundblom ကို Cokeသောက်နေသည့် Santa ပုံတစ်ပုံ ဖန်တီးပေးရန် စာချုပ်ချုပ်ဆိုခဲ့သည်။

http://www.coca-colacompany.com/stories/did-coke-create





Thomas nast, Sundblom နှင့် ၎င်းရေးဆွဲခဲ့သော Coca Cola အမှတ်တံဆိပ် (၁၉၃၁)

သို့ဖြင့် Sundblom သည် Santa ပုံကို ဝဖြိုးရွှင်ပြသော မျက်နှာရှိသည့် သူ့သူငယ်ချင်း Lou Prentice ၏ ပုံစံတူ ဖန်တီးရေးဆွဲခဲ့သည်။ Coca Cola Corporation သည် Santa ၏ ဝတ်ရုံအရောင်အား Coca Cola အရောင်ကဲ့သို့ နီရဲတောက်ပနေစေရန် အလေးအနက် တိုက်တွန်းခဲ့သည်။ သို့ဖြင့် Santa သည် ခရစ်ယာန်ခရူးဆိုက်ဒါစစ်သည်တစ်ဦးအဖြစ်လည်းကောင်း၊ ဒိဋ္ဌနတ်ဘုရားအဖြစ်လည်းကောင်း၊ စီးပွားရေးအမှတ်တံဆိပ်တစ်ခုအဖြစ်လည်းကောင်း မွေးဖွားလာခဲ့တော့သည်။

မည်သို့ပင်ဆိုစေကာမူ ခရစ္စမတ်နှင့် ခရစ္စမတ်ပွဲ၏ ဓလေ့ထုံးစံများအားလုံးသည် ကုဖ်ရ်၊ ရှိရ်ဂ်အပေါ်တွင် အပြည့်အဝ အခြေခံထားခြင်းဖြစ်သောကြောင့် မွတ်စ်လင်မ်များသည် မည်သည့်ပုံစံနှင့်မျှ ပါဝင်ဆင်နွှဲခြင်း၊ သြဘာပေးခြင်း၊ ထောက်ခံအားပေးခြင်းများ (လုံးဝ)မပြုပိုင်ပါ။ ထိုသို့ပြုလုပ်ခဲ့ပါက အလွန်ကြီးလေးသော အပြစ်ထိုက်မည်ဖြစ်ပြီး အီမာန်ပျက်ပြားစေနိုင်ပါသည်။

ခရစ္စမတ်၏ သမိုင်းကိုသာ တင်ပြရန် ရည်ရွယ်သောကြောင့် အစ္စလာမ်သာသနာတော်၏ တရားတော်လာ အမိန့်ပညတ်ချက်များကို အနုစိတ်မတင်ပြတော့ပါ။ အစ္စလာမ့်တရားတော်လာ ပညတ်ချက်များနှင့် ကျမ်းကိုးအထောက်အထားများကို သက်ဆိုင်ရာကျမ်းကြီးများတွင် ရှာဖွေလေ့လာဆည်းပူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤစာအုပ်ငယ်ကိုရေးသားရာတွင် မည်သည့်ဘာသာတရား၊ အဖွဲ့အစည်းကိုမျှ ထိခိုက်နစ်နာစေသည့် စေတနာအလျဉ်းမပါရှိပါ။ မွတ်စ်လင်မ်များနှင့် ခရစ္စမတ်ပွဲသည် မည်သို့မျှ မသက်ဆိုင်ကြောင်းကို သိရှိကြစေရန်နှင့် မိမိတို့ကိုးကွယ်ယုံကြည်ထားသည့် အစ္စလာမ်သာသနာတော်၏ လမ်းညွှန်ချက်များအတိုင်း အပြည့်အဝလိုက်နာကျင့်သုံးနိုင်ကြစေရန်သာ ရည်ရွယ်ပြီး ရေးသားခဲ့ခြင်းဖြစ်ပါသည်။

အိုး-အလ္လာဟ်အရှင်မြတ်၊ ကမ္ဘာအဝှမ်းရှိ မွတ်စ်လင်မ်ညီအစ်ကိုမောင်နှမများအားလုံးကို အစ္စလာမ်သာသနာအပေါ်တွင် မြဲမြံစွာရပ်တည်ပြီး တစ်သဝေမတိမ်း အပြည့်အဝလိုက်နာကျင့်သုံးနိုင်စွမ်း ချီးမြှင့်ပေးသနားတော်မူပါ။ (အာမီးန်)

@6u5wid^{2}i9

﴿اَلَمۡ یَاۡنِ لِلَّذِیۡنَ ءَامَنُوۡۤا اَنۡ تَخۡشَعَ قُلُوۡبُهُمۡ لِذِكۡرِ اللّٰهِ وَمَا نَزَلَ مِنَ الۡحَقِّ
وَلَا یَكُوۡنُوۡا كَالَّذِیۡنَ اُوۡتُوا الۡكِتٰبَ مِنۡ قَبۡلُ فَطَالَ عَلَیۡهِمُ الۡاَمَدُ فَقَسَتۡ قُلُوۡبُهُمۡ وَكَثِیۡرٌ
مِّنۡهُمۡ فٰسِقُوۡنَ﴾ الحدید : ١٦

မုအ်မင်နသက်ဝင်ယုံကြည်သူတို့အဖို့ အလ္လာဟ်အရှင်မြတ်၏ဆုံးမ ဩဝါဒသတိပေးနှိုးဆော်ချက်၏ ရှေ့ဝယ်လည်းကောင်း၊ ကျရောက်လာပြီးဖြစ်သော အမှန်တရား၏ ရှေ့ဝယ်လည်းကောင်း၊ စိတ်နှလုံးမျှားကိုင်းညွတ်ရန် အချိန်တန်ပြီမဟုတ်လော။ ထိုမှတစ်ပါး ၎င်းတို့သည် အကြင်သူတို့ကဲ့သို့ မဖြစ်ကြရန်။ ထိုသူတို့သည် ကျမ်းဂန်ကိုချီးမြှင့်ပေးသနားတော်မူခြင်းခံခဲ့ရလေ၏။ သို့ရာတွင် ၎င်းတို့အပေါ်ဝယ် ကာလပရိစ္ဆေဒသည် အဓွန့်ရှည်ခဲ့သောအခါ၊ ၎င်းတို့၏စိတ်နှလုံးမှာ ခက်ထန်မာမြင်း၍ လာခဲ့လေ၏။ ထိုမှတစ်ပါး ၎င်းတို့တွင် မြောက်များစွာတို့မှာ သွေဖည်သူများပင်ဖြစ်ကြကုန်၏။ (ကုရ်အာန် ၅၇း ၁၆)